Message Eight

# သား-ယောကျ်ား၊ ကောင်းကင်ရှိ စစ်ပွဲနှင့်
# အောင်မြင်သော သန့်ရှင်းသူများ

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၁၂း၅၊ ၇-၁၁

**I. "ထိုမိန်းမသည် လူမျိုးတကာတို့ကို သံလှံတံနှင့် ထိန်းကျောင်းလတံ့သော သား-ယောကျ်ားကို ဖွားမြင်၏။ ထိုသားကို ဘုရားသခင်ထံသို့လည်းကောင်း၊ ပလ္လင်တော်သို့လည်းကောင်း ချီယူတော်မူ၏" - ဗျာ၊၁၂း၅။**

A. ဤနေရာရှိ *ဖွားမြင်ခြင်း* မှာ တမန်တော် ၁၃း၃၃-၃၄ ၌ကဲ့သို့ ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

1. သား-ယောကျ်ားမှာ သေလွန်၍ ရှင်ပြန်ထမြောက်ခဲ့ပြီးသည့် အောင်မြင်သော သန့်ရှင်းသူများဖြင့် ပေါင်းစည်းထားခြင်း ဖြစ်သည်။
2. ဤအရာကို ဗျာဒိတ် ၁း၁၁ ရှိ *သေသည့်တိုင်* ဟူသော စကားလုံးဖြင့် သက်သေပြုထားသည်။

B. သမ္မာကျမ်းစာ၌ မိန်းမသည် အားနည်းသူများကို ပုံဆောင်၍၊ ယောကျ်ားသည် အားကြီးသူများကို ပုံဆောင်သည် - ၁ပေ၊၃း၇။

1. ဗျာဒိတ် ၁၂ ရှိ သား-ယောကျ်ားမှာ ဘုရားသခင်၏လူများမှ အားကြီးသောအပိုင်းကို ပုံဆောင်သည်။
2. သား-ယောကျ်ားသည် လူမျိုးတကာတို့ကို သံလှံတံဖြင့် ထိန်းကျောင်းခြင်းမှာ ၂း၂၆-၂၇ တွင် ဖော်ပြထားသည့်အတိုင်း သား-ယောကျ်ားတွင် အောင်မြင်သူများ ပါဝင်ပေါင်းစည်းထားကြောင်းကို ပုံဆောင်သည်။

C. ချီယူတော်မူခြင်းမှာ ချီဆောင်ခြင်း ဖြစ်သည်။

1. သား-ယောကျ်ားကို ချီဆောင်ခြင်းမှာ ၁သက်သာလောနိတ် ၄း၁၇ တွင် ဖော်ပြထားသည့် ယုံကြည်သူအများပိုင်းကို ချီဆောင်ခြင်းနှင့် ခြားနားသည်။
2. ထိုနေရာ၌ ယုံကြည်သူအများပိုင်းမှာ လေထုထဲသို့၊ နောက်ဆုံးသောတံပိုး တည်းဟူသော (၁ကော၊၁၅း၅၂။ ၁သက်၊၄း၁၆) သတ္တမတံပိုးမှုတ်ချိန်၌ (ဗျာ၊၁၁း၁၅) ချီဆောင်ခံရကြမည်ဖြစ်သည်။
3. ဤနေရာရှိ သား-ယောကျ်ားမှာ ဘုရားသခင်၏ပလ္လင်တော်သို့၊ ဆဋ္ဌမတံဆိပ်မှ စတင်သည့် ဘေးဒဏ်ကြီးကာလ နောက်ဆုံး သုံးနှစ်ခွဲ (လေးဆယ့်နှစ်လ - ၁၂း၁၄။ ၁၃း၅။ ၁၁း၂) တည်းဟူသော ရက်ပေါင်း တစ်ထောင့်နှစ်ရာ ခြောက်ဆယ်မတိုင်မီတွင်၊ ပဉ္စမတံပိုးမတိုင်မီ (၉း၁) ချီဆောင်ခြင်း ခံရသည်။

**II. "ကောင်းကင်၌ စစ်ဖြစ်၏" - ၁၂း၇က။**

A. သား-ယောကျ်ားသည် ကောင်းကင်သို့ ချီဆောင်ခြင်း ခံရပြီးနောက် ချက်ချင်း မိက္ခေလနှင့် သူ၏တမန်များမှာ စာတန်ကို ဆန့်ကျင်ကာ စတင် စစ်တိုက်ကြသည်။

1. ဤသည်မှာ သား-ယောကျ်ား တည်းဟူသော ဘုရားသခင်၏ လူများတွင် အားကြီးသော အစိတ်အပိုင်းသည် ဘုရားသခင်၏ ရန်သူ စာတန်ကို အမြဲတမ်း ဆန့်ကျင်တိုက်ခိုက်လျက် ရှိကြောင်းကို ဖော်ပြသည်။
2. သူတို့သည် မြေကြီးပေါ်တွင် စာတန်ကို အဆက်မပြတ် တိုက်ခိုက်ခဲ့ကြသည်။
3. ကောင်းကင်သည် စာတန်ကို ကောင်းကင်ထဲက နှင်ချရန်အတွက် စစ်ပွဲတိုက်ခိုက်မည့်အကြောင်း ထိုသူတို့ ရောက်လာခြင်းကို စောင့်မျှော်နေလျက် ရှိသည်။
4. သမ္မာကျမ်းစာတွင် ကောင်းကင်တမန် နှစ်ပါးဖြစ်သော မိက္ခေလနှင့် ဂါဗြေလတို့၏ နာမကို ဖော်ပြထားသည်။
5. ဂါဗြေလသည် ဘုရားသခင်၏ လူများထံသို့ သတင်းပေးပို့သူ ဖြစ်၍ (ဒံ၊၈း၁၆။ ၉း၂၁-၂၂။ လု၊၁း၁၉၊ ၂၆)၊ မိက္ခေလသည် ဘုရားသခင်၏ လူများအတွက် ခုခံကာ တိုက်ခိုက်သူဖြစ်သည် (ဒံ၊၁၀း၁၃၊ ၂၁။ ၁၁း၁။ ၁၂း၁။ ယု၊၉)။

B. "နဂါးနှင့် သူ၏တမန်တို့သည် စစ်တိုက်ကြ၏။" ဤကောင်းကင်တမန်များမှာ ဘုရားသခင်ကို ဆန့်ကျင်တိုက်ခိုက်ရန် စာတန်၏ နောက်သို့ လိုက်သော ကျဆင်းသွားသည့် ကောင်းကင်တမန်များ ဖြစ်ရမည် (မ၊၂၅း၄၁)။

C. ဘုရားသခင်၏ ရန်သူဖြစ်သော စာတန်သည် ကားတိုင်ပေါ်တွင် သခင်ယေရှုအားဖြင့် စီရင်ခြင်းခံခဲ့ရပြီးဖြစ်သည် - ယော၊၁၂း၃၁။ ၁၆း၁၁။

1. ထိုအရာပြီးနောက် အောင်မြင်သော ယုံကြည်သူများသည် ထိုတရားစီရင်ခြင်းကို သယ်ဆောင်ရန်၊ ထိုစီရင်ချက်ကို စီရင်ဆောင်ရွက်ရန် လိုအပ်သည်။
2. အောင်မြင်သော ယုံကြည်သူများဖြင့် စာတန်ကို ဆန့်ကျင်တိုက်ခိုက်ခြင်းမှာ အမှန်တကယ်တွင် စာတန်အပေါ် သခင်ဘုရား၏ တရားစီရင်ခြင်းကို စီရင်ဆောက်ရွက်ခြင်းဖြစ်သည်။
3. ထိုသို့ တိုက်ခိုက်ခြင်းကြောင့် နောက်ဆုံးတွင် စာတန်သည် ကောင်းကင်မှနှင်ချခြင်းခံရသည် - ဗျာ၊၁၂း၇-၉။

**III. "ယခုမှာ ကယ်တင်ခြင်းဖြစ်၏။ တန်ခိုးတော်လည်း ဖြစ်၏။ ငါတို့ဘုရားသခင်၏ နိုင်ငံတော်နှင့် သူ၏ခရစ်တော် အာဏာတော်စက်လည်း ဖြစ်၏။ အကြောင်းမူကား၊ ငါတို့ညီအစ်ကိုများကို ငါတို့ဘုရားသခင်ရှေ့တော်၌ နေ့ညမပြတ် အပြစ်တင်သော အပြစ်တင်သူကို အောက်သို့ နှင်ချလေပြီ။ သူတို့သည် သိုးသငယ်၏အသွေးအားဖြင့်လည်းကောင်း၊ မိမိတို့ သက်သေခံချက် နှုတ်ကပတ်တော်အားဖြင့်လည်းကောင်း (မာရ်နတ်ကို) အောင်မြင်၍၊ အသေခံသည့်တိုင်အောင် သူတို့ စိတ်အသက်ကို မချစ်ကြ" - အငယ်၊၁၀-၁၁။**

A. သူတို့သည် သိုးသငယ်၏ အသွေးတော်ကြောင့် သူ့ကို အောင်မြင်ခဲ့ကြသည်။

1. စာတန်သည် ကျွန်ုပ်တို့ကို အပြစ်တင်စွပ်စွဲပေမည်၊ သို့သော် ကျွန်ုပ်တို့က ဘုရားသခင့်သားတော် ယေရှုခရစ်၏ အသွေးတော်သည် အပြစ်ရှိသမျှမှ ကျွန်ုပ်တို့ကို ဆေးကြောခဲ့ပြီဖြစ်ကြောင်း ပြန်ဖြေနိုင်သည် - ၁ယော၊၁း၇။
2. ကျွန်ုပ်တို့ ဝန်ချတောင်းပန်ပြီး အသွေးတော်ကို ယူဆောင်ပြီးသည့်နောက်မှာပင် အပြစ်တင်စီရင်ခြင်းသည် မရပ်တန့်သေးခြင်းမှန်သမျှသည် ဘုရားသခင်၏ အလင်းဖွင့်ပြခြင်းမဟုတ်ဘဲ၊ စာတန်၏ အပြစ်တင်စွပ်စွဲခြင်းဖြစ်သည် - အငယ်၊၉။
3. ကျွန်ုပ်တို့သည် အကြောင်းရင်းမရှိသော အပြစ်တင်စွပ်စွဲချက်များကို ငြင်းပယ်ရုံသာမက၊ အကြောင်းရင်းပါရှိသော အပြစ်တင်စွပ်စွဲခြင်းအားလုံးကိုလည်း ငြင်းဆန်ပယ်ချရမည်ဖြစ်သည်။
4. ကျွန်ုပ်တို့အပြစ်ပြုမိသောအခါ ကျွန်ုပ်တို့ ဘုရားသခင်ကို ဘုန်းထင်ရှားစေခြင်း မရှိကြပါ၊ သို့သော် ကျွန်ုပ်တို့သည် အဖိုးထိုက်သော အသွေးတော်ကို ကိုးစားခြင်းမရှိသောအခါ၊ ကိုယ်တော်ကို ကျွန်ုပ်တို့ ပို၍ မရိုသေခြင်းပင် ဖြစ်သည် - မ၊၂၆း၂၈။ ညွှန်း၊ ဟေဗြဲ၊၁၀း၂၉။
5. ကျွန်ုပ်တို့သည် အသွေးတော်ကို အမြဲ ယူဆောင်အသုံးပြုရမည်၊ မာရ်နတ်အား ကျွန်ုပ်တို့သည် မစုံလင်သော်လည်း၊ ကျွန်ုပ်တို့သည် အဖိုးထိုက်သောအသွေးတော်အောက်မှာ ရှိကြောင်း ပြောရမည်ဖြစ်သည် - ၁ပေ၊၁း၁၈-၁၉။ တ၊၂၀း၂၈။

B. သူတို့သည် မိမိတို့သက်သေခံချက် နှုတ်ကပတ်တော်ကြောင့် သူ့ကို အောင်မြင်ခဲ့ကြသည်။

1. "သက်သေခံချက်"ဟူသည်မှာ အခြားသူများထံ ခရစ်တော်၌ရှိသောအရာကို ပြောပြခြင်းဖြစ်ပြီး၊ သက်သေခံချက်နှုတ်ကပတ်တော်သည် ပြောထွက်လာခြင်းရှိရမည့် တစ်စုံတစ်ရာ ဖြစ်သည်။
2. အောင်မြင်သောသူများသည် ခရစ်တော်၏ အောင်နိုင်ခြင်းကို မကြာခဏ ကြွေးကြော်ရမည်၊ မာရ်နတ်သည် သခင်ဘုရားအားဖြင့် စီရင်ခြင်းခံခဲ့ရပြီဖြစ်ကြောင်း သက်သေခံနေရမည်ဖြစ်သည် - ၁ယော၊၃း၈။ ဟေဗြဲ၊၂း၁၄။
3. စာတန်သည် ကျွန်ုပ်တို့က သူနှင့် ကြိုးစားဆွေးနွေးငြင်းခုံသောအခါ သူမကြောက်ရွံ့ပါ၊ သို့သော် ကျွန်ုပ်တို့က ခရစ်တော်၏ အောင်နိုင်ခြင်း ဝိညာဉ်ရေးရာ အကြောင်းရင်းမှန်များကို ကြွေးကြော်သောအခါ သူကြောက်ရွံ့သည် - ညွှန်း၊ ၂ရာ၊၂၀း၂၀-၂၂။
   a. ယေရှု၏နာမတော်သည် နာမတကာတို့၏အထက်မှာ ရှိခြင်းသည် ကျွန်ုပ်တို့က လူများထံသို့သာမက စာတန်ထံသို့လည်း ယုံကြည်ခြင်း၌ ကြေညာရမည့် ဝိညာဉ်ဆိုင်ရာ အကြောင်းရင်းမှန်ဖြစ်သည် - ဖိ၊၂း၉-၁၁။ ၁ကော၊၁၂း၃ခ။
   b. ကျွန်ုပ်တို့သည် စာတန်နှင့် သူ၏နတ်ဆိုးများထံ ယေရှုသည် သခင်ဘုရားဖြစ်တော်မူကြောင်း၊ သခင်ဘုရားသည် အောင်နိုင်တော်မူကြောင်း၊ စာတန်သည် ကိုယ်တော်၏ခြေအောက်မှာ နင်းခြေခံရပြီဖြစ်ကြောင်း ကြွေးကြော်ကြရမည်ဖြစ်သည် - က၊၃း၁၅။ ယော၊၁၄း၃၀ခ။ ရော၊၁၆း၂၀။

C. သူတို့သည် အသေခံသည့်တိုင်အောင် သူတို့ စိတ်အသက်ကို မချစ်ကြ။

1. အာဒံ၏ ကျဆင်းခြင်းကြောင့် စာတန်သည် မိမိကိုယ်ကို လူ၏ စိတ်အသက် - လူ၏ အတ္တထံသို့ ပေါင်းစည်းသွားခဲ့သည်။ သူ့ကို အောင်မြင်ရန်အတွက် ကျွန်ုပ်တို့သည် မိမိတို့၏ စိတ်-အသက်ကို မချစ်ဘဲ၊ ၎င်းကို မုန်းရမည်၊ ငြင်းပယ်ရမည်ဖြစ်သည် - မ၊၁၆း၂၃-၂၄။ လု၊၁၄း၂၆။ ဗ္ဗ၊၂၃။
   a. စာတန်က ကျွန်ုပ်တို့သည် မိမိကိုယ်ပိုင်ခွန်အားဖြင့် ပြုမူ၍၊ ကျွန်ုပ်တို့၏စိတ်၊ ကျွန်ုပ်တို့ဇာတိစွမ်းရည်၏ တန်ခိုးဖြင့် မိမိကိုယ်တိုင်၌ လှုပ်ရှားစေဖို့ အလိုရှိသည်။
   b. ဇာတိစွမ်းရည်သည် ကျွန်ုပ်တို့ မူလကတည်းက ရှိထားသော၊ ကားတိုင်၏ပြုပြင်လုပ်ဆောင်မှုအားဖြင့် တစ်ခါမျှ ဆက်ဆံဖြေရှင်း မခံရဖူးသော စွမ်းဆောင်ရည်ဖြစ်သည်။
   c. အသင်းတော်၏ ကျဆင်းသွားခြင်းမှာ လူက မိမိ၏ဇာတိစွမ်းဆောင်ရည်ကို ယူဆောင်လာခြင်းကြောင့်ပင် ဖြစ်သည်။
   d. ကားတိုင်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ဇာတိအသက်နှင့် စွမ်းဆောင်ရည်ကို ဆက်ဆံဖြေရှင်းရန်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် မောရှေနှင့် ပေတရုတို့၏ အဖြစ်အပျက်များ၌ မြင်ရသည့်အတိုင်း မိမိကိုယ်တိုင်အားဖြင့် မလှုပ်ရှားဝံ့ဘဲ ရှိကြလိမ့်မည်ဖြစ်သည် - တ၊၇း၂၃-၃၀။ လု၊၂၂း၃၂-၃၄။ ၁ပေ၊၅း၅-၆။
   e. ကျွန်ုပ်တို့သည် မည်သည့်နည်းဖြင့်မဆို မိမိတို့ကိုယ်တိုင်အားဖြင့် အသက်ရှင်မည့်အကြောင်း စိတ်သဘောထား ရှိသင့်ပါသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ပိုင်စွမ်းရည်ကို တန်ဖိုးမထားရန် သို့သော် မည်သို့သော ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုမျှမရှိရန် သဘောထားရှိသင့်ပါသည် - ၁ကော၊၂း၂-၄။ ဖိ၊၃း၃။ ဩွန်း၊ ဟေရှာ၊၁၁း၂ခ။
2. ကျွန်ုပ်တို့သည် အတ္တကို စွန့်လွှတ်သော ပုဂ္ဂိုလ်များ၊ သွန်းလောင်းရာပူဇော်သက္ကာ ဖြစ်၍၊ ကောင်းကင်ဆိုင်ရာစပျစ်ရည် ဖြစ်သော ခရစ်တော်အား ကျွန်ုပ်တို့ကို ဖြည့်ပေးရန်၊ ကျွန်ုပ်တို့အား ဘုရားသခင်ထံသို့ စပျစ်ရည်ဖြစ်လာစေရန် အခွင့်ပေးရမည် - ဖိ၊၂း၁၇။ ၂တိ၊၄း၆။ သူကြီး၊၉း၁၃။
   a. သွန်းလောင်းရာပူဇော်သက္ကာသည် ဘုရားသခင့်ရှေ့တော်၌ ကိုယ်တော်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် စစ်မှန်သော စပျစ်ရည်အဖြစ် သွန်းလောင်းခဲ့သောအရှင် ခရစ်တော်ကို ပုံဆောင်သည် - ထွ၊၂၉း၄၀-၄၁။
   b. တမန်တော်ပေါလုသည် သန့်ရှင်းသူများ၏ယုံကြည်ခြင်း ယဇ်နှင့် အစေခံခြင်းအပေါ်မှာ သွန်းလောင်းခဲ့သော သွန်းလောင်းရာပူဇော်သက္ကာဖြစ်လာခဲ့သည် - ဖိ၊၂း၁၇။ ၂တိ၊၄း၆။
   c. သွန်းလောင်းရာပူဇော်သက္ကာသည် ခရစ်တော်ကိုယ်တော်တိုင်ကိုသာ ပုံဆောင်ခြင်းမဟုတ်ဘဲ၊ ကိုယ်တော်နှင့်ကျွန်ုပ်တို့ တစ်လုံးတစ်ဝဖြစ်လာ၍ ဘုရားသခင်၏ မွေ့လျော်ဝမ်းမြောက်ရာနှင့် ကျေနပ်နှစ်သိမ့်ရာအတွက်လည်းကောင်း၊ ဘုရားသခင်၏တည်ဆောက်ခြင်းအတွက်လည်းကောင်း သွန်းလောင်းမည့် ကောင်းကင်ဆိုင်ရာ စပျစ်ရည်အဖြစ် ကိုယ်တော်ကိုယ်တော်ဖြင့် ကျွန်ုပ်တို့ကို ပျော်ဝင်ပြည့်ဝစေမည့် ခရစ်တော်ကိုလည်း ပုံဆောင်သည် - မ၊၉း၁၇။ ဖိ၊၂း၁၇။ ၂တိ၊၄း၆။

*© 2025 Living Stream Ministry*